## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့(၁၀. ၉. ၂၀၁၃) ရက်နေ့တွင် ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၆)ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနုက အဆိုကို တင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းနုဖြစ်ပါတယ်။

ကျွန်တော် အဆိုပြုတင်သွင်းမည့် အချက်ကတော့ အလုပ်အကိုင်ခန့်ထားရာတွင် အရည်အချင်း ကန့်သတ်ချက်များ ဖြေလျှော့ပေးနိုင်ရေး အဆိုပြုတင်ပြခြင်းပဲ ဖြစ်ပါတယ်။ ခေတ်မှီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ ရည်မှန်းလျှင် ခေတ်အဆက်ဆက်သော လုပ်ရပ်များသည် နိုင်ငံရေးစနစ်များ၊ လမ်းစဉ်များ ချမှတ်ပြီး ဆောင်ရွက်ခဲ့ကြရာတွင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း တစ်ချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ချမှတ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ရည်မှန်းဆောင်ရွက်ခဲ့ကြပါတယ်။

သို့ရာတွင် မျှော်လင့်မထားသော အရေးအခင်း တစ်ခုကြောင့် အုပ်ချုပ်ရေးစနစ်ပျက်သုဉ်းပြီး တိုင်းပြည် ၌ နစ်နာ ဆုံးရှုံးမှုများစွာ ကြုံတွေ့ခဲ့ရပါသည်။ ယင်းတို့ထဲတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက မောင်းနှင်အားဖြစ်သော လူသားအရင်းအမြစ်ပြုစုပျိုးထောင်ရာ ပညာရေးကဏ္ဍ အချိန်အတန်ကြာ ရပ်ဆိုင်းသွားခဲ့ရပါသည်။

ယင်းသို့ ပညာရေးကဏ္ဍ ရပ်ဆိုင်းသွားမှုတွင် မြေဇာပင်ဖြစ်ခဲ့ရသော ယင်းကာလရှိ ကျောင်းသား များသည် အချိန်ကာလများစွာပေးဆပ်ခဲ့ရပြီး အသက်အရွယ်လွန်မှ ပညာရေးပန်းတိုင် ရောက်နိုင်ခဲ့ကြရပါ သည်။

အချို့မှာ ကျောင်းပြန်မတက်နိုင်ခဲ့သဖြင့် လူသားအရင်းအမြစ် များစွာနစ်နာဆုံးရှုံးခဲ့ရပါသည်။ ပညာရေးဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခဲ့သူများ အနေဖြင့်လည်း ကျောင်းပိတ်ခဲ့ရသော အချိန်တွင် ပေးဆပ်ခဲ့ကြရသဖြင့် အသက်များလွန်မှ ဘွဲ့များရနိုင်ခဲ့ကြရပြီး အလုပ်အကိုင်အတွက် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ကြရပါသည်။

သို့ဖြစ်ပါ၍ အလုပ်အကိုင်များ ခန့်ထားရာတွင် အဆိုပါကာလအတွင်း ပေးဆပ်ခဲ့ကြရသော ပုဂ္ဂိုလ် များပါဝင် လျှောက်ထားလာပါက အသက်ကန့်သတ်ချက်အပိုင်းနှင့် ပတ်သက်သော အရည်အချင်းသတ်မှတ် ချက်တွင် ဖြေလျှော့ပေးနိုင်ရေး လွှတ်တော်မှတစ်ဆင့် ပြည်နယ်အစိုးရအား အဆိုပြုတိုက်တွန်းအပ်ပါသည် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** အားလုံးမင်္ဂလာပါ။ ကျွန်တော် ကတော့ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တင်သွင်းသော အဆိုကို ကျွန်တော်ထောက်ခံပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းနုတင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။

အဆိုမှာ အလုပ်အကိုင်ခန့်ထားရာတွင် ပညာရေး ဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခဲ့သူများ အနေဖြင့် ကျောင်းပိတ်ခဲ့ရသောအချိန်တွင် ပေးဆပ်ခဲ့ကြရသဖြင့် အသက်များလွန်မှ ဘွဲ့များရနိုင်ခဲ့ကြပြီး အလုပ်အကိုင်အတွက် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပြီး ပေးဆပ်ခဲ့ကြရသော ပုဂ္ဂိုလ်များပါဝင်လျှောက်ထား လာပါက အသက်ကန့်သတ်ချက်နှင့် ပတ်သက်သောအရည်အချင်း ကန့်သတ်ချက်တွင် ဖြေလျှော့စဉ်းစား ပေးနိုင်ရေး ပြည်နယ်လွှတ်တော်မှတစ်ဆင့် ပြည်နယ်အစိုးရအား အဆိုပြု တိုက်တွန်းကြောင်း အဆိုဖြစ်ပါ တယ်။

၄င်းအဆိုကို လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ၄င်းအဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။ **[ သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က သဘောတူပါသည်။ ]**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်ရှိပါသလား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းနုရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၁ ရက် ဗုဒ္ဓဟူးနေ့မှာ ဆွေးနွေးပါ့မယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါမှာ ဒီကနေ့ညနေပိုင်းမှာ ရှမ်းပြည်နယ် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

**ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့(၁၁. ၉. ၂၀၁၃) ရက်နေ့တွင် အဆိုကို ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီးက ဆွေးနွေးခြင်း**

ဆွေးနွေးရန်အတွက် ကိုယ်စားလှယ်အမည်စာရင်း ပေးပို့ထားခြင်း မရှိပါ။

**အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေးရှင်းလင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "အလုပ်အကိုင်ခန့်ထားရာတွင် ပညာရေး ဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခဲ့သူများ အနေဖြင့်လည်း ကျောင်းပိတ်ခဲ့ရသောအချိန်တွင် ပေးဆပ်ခဲ့ကြရသဖြင့် အသက်များလွန်မှ ဘွဲ့ရနိုင်ခဲ့ကြပြီး အလုပ်အကိုင်အတွက် အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပြီး ပေးဆပ်ခဲ့ရသော ပုဂ္ဂိုလ်များ ပါဝင်လျှောက်ထားလာပါက အသက်ကန့်သတ်ချက်အပိုင်းနှင့် ပတ်သက်သော အရည်အချင်း ကန့်သတ်ချက်တွင် ဖြေလျှော့စဉ်းစားပေးနိုင်ရေး"အဆိုကို ပြည်နယ်လွှတ်တော်မှတစ်ဆင့် ပြည်နယ် အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းပေးသွင်းတဲ့ ကိုယ်စားလှယ် မရှိတဲ့အတွက် ၄င်းအဆိုကို ပုဒ်မ(၁၁၉)၊ ပုဒ်မခွဲ(င)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ် ပါသော လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု၏ အလုပ်အကိုင်ခန့်ထားရာတွင် ပညာရေးဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခဲ့ကြသူများ အနေဖြင့်လည်း ကျောင်းပိတ်ခဲ့ရသော အချိန်တွင် ပေးဆပ်ခဲ့ကြရသဖြင့် အသက်များလွန်မှုဘွဲ့များ ရရှိခဲ့ကြပြီး အလုပ်အကိုင်အတွက်အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပြီး ပေးဆပ်ခဲ့ကြရသော ပုဂ္ဂိုလ်များပါဝင် လျှောက်ထားလာပါက အသက်ကန့်သတ်ချက်အပိုင်းနှင့် ပတ်သက်သော အရည်အချင်းကန့်သတ်ချက်တွင် ဖြေလျှော့စဉ်းစားပေးနိုင်ရေး ပြည်နယ်လွှတ်တော်မှတစ်ဆင့် ပြည်နယ်အစိုးရအား အဆိုပြုတိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးရုံး၏ (၁၆-၃-၂၀၁၃)ရက်စွဲပါ စာအမှတ်၊ ၃၄(ပညာ)/၀၁၀/ဆွဲခန့် (၂၀၁၃)ဖြင့် နေ့စားလပေးမူလတန်းပြ ဆရာ/ဆရာမများ စာရေးဝန်ထမ်းနှင့် အောက်ခြေဝန်ထမ်းများ ခန့်ထားနိုင်ရေးအတွက် အသက် ကန့်သတ်ချက် အနေဖြင့် (၃-၆-၂၀၁၃)ရက်နေ့တွင် အသက်(၄၀) နှစ်ထက် မကြီးသူများ လျှောက်ထားခွင့်ရှိကြောင်း ညွှန်ကြားချက်အရ ပညာရေးဝန်ကြီးဌာနမှ လျှောက်လွှာခေါ်ယူခဲ့ပါတယ်။ ၎င်းတို့အနက် စာမေးပွဲရမှတ် ကြီး၊ စဉ်၊ ငယ်အလိုက်မူတည်၍ ပညာအရည်အချင်းအရ သက်ဆိုင်ရာရာထူးများတွင် ခန့်အပ်ပေးခဲ့ပါတယ်။

အဆိုနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနမှ ဖြေလျှော့ပေးပြီး စီစဉ်ဆောင်ရွက်ပေးပြီး ဖြစ်ပါသဖြင့် အဆိုအား မေးခွန်းအဖြစ် ပြောင်းလဲသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုတင်သွင်းသော ဦးစိုင်းနု ဒါနဲ့ပတ်သက်လို့ နောက်တစ်ကြိမ် ဆွေးနွေးနိုင်ပါတယ်။

**ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ အဆိုပြုတင်ပြချက်သည် အရေးခင်းကာလ ကျောင်းပိတ်ကာလကို ဦးတည်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နယ်ပယ်မှာ အမှန်တကယ်ဖြစ်ပျက်နေသော ပြည်သူလူထုအမှန်တကယ်ကြုံတွေ့နေရပြီး ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများရဲ့ နယ်ပယ်ဒေသမှာလည်း ကြုံတွေ့လာနိုင်တဲ့ အကြောင်းတရားများ ဖြစ်ပါတယ်။ ကြုံတွေ့လာ ပါက ဖြေရှင်းစောင့်ရှောက်ကူညီဖို့ စဉ်းစားတဲ့အခါမှာ ထုတ်နုတ်အသုံးပြုနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ခြင်း ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်၏ အဆိုပြုချက်သည် ယခုလွှတ်တော်အစည်းအဝေး အတွင်း မှာ မေးခွန်းမဟုတ်ဘဲ အဆိုအဖြစ်အဆိုပြုထားသော်လည်း ဝန်ကြီးရဲ့တိုက်တွန်းချက်အရ မေးခွန်းအဖြစ် ပြောင်းလဲပေးရန် သင့်ကြောင်းဆိုတဲ့အစား ဒီအစည်းအဝေးမှာ မှတ်တမ်းပြုထားပေး နိုင်ပါက ပို၍ကျေးဇူးတင်ရှိပါကြောင်း တင်ပြပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) မှ တင်သွင်းသော အဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။[ **သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

လွှတ်တော်မှ သဘောတူတဲ့အတွက် ဦးစိုင်းနု တင်သွင်းသည့် အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။